# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# တပ်ကုန်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်


## Village Development Plan (VDP)

မကျီးပင်ကျေးရွာ၊မကျီးပင်ကျေးရွာအုပ်စု

(၁၇-၃-၂၀၁၆) ရက်နေ့


| မာတိကာ | | |
|---|---|---|
| စဉ် | အကြောင်းအရာ | စာမျက်နှာအမှတ် |
| ၁ | မြို့နယ်မြေပုံ | ၃ |
| ၂ | ကျေးရွာအုပ်စုမြေပုံနှင့် ကျေးရွာတည်နေရာ | ၄ |
| ၃ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄ | ကျေးရွာအခြေခံအချက်အလက်များ | ၅ မှ ၈ |
| ၅ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA)အကျဉ်းချုပ်ဇယား | ၉ မှ ၁၀ |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ | ၁၁ မှ ၂၃ |
| ၇ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၂၄ |
| ၈ | ကော်မတီဝင်များစာရင်း | ၂၅ |
| ၉ | ကျေးရွာအချက်အလက် (ပုံစံ-၁) | နောက်ဆက်တွဲ - က |
| ၁၀ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | နောက်ဆက်တွဲ - ခ |
| ၁၁ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | နောက်ဆက်တွဲ - ဂ |
| ၁၂ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) | နောက်ဆက်တွဲ - ဃ |
| ၁၃ | အစည်းအဝေးတက်ရောက်သူများစာရင်း (ပုံစံ-၁၂) | နောက်ဆက်တွဲ - င |
| ၁၄ | အစည်းအဝေးမှတ်တမ်းများ | နောက်ဆက်တွဲ - စ |
| ၁၅ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ | နောက်ဆက်တွဲ - ဆ |
| ၁၆ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) | နောက်ဆက်တွဲ - ဇ |

## ၁။ မြို့နယ်မြေပုံ



တပ်ကုန်းမြို့နယ် ၊ ကျေးရွာအုပ်စု အညွှန်းပြမြေပုံ
N
W
E
S
ရမည်းသင်းမြို့နယ်
နတ်မောက်မြို့နယ်
ပင်လောင်းမြို့နယ်
တောင်တွင်းကြီးမြို့နယ်
မကွေးတိုင်း
ဥတ္တရသီရိမြို့နယ်
ပုဗ္ဗသီရိမြို့နယ်
ဇေယျာသီရိမြို့နယ်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကားလမ်း
မီးရထားလမ်း
မြစ်ချောင်း
ရေသောက်မြောင်း
မြို့မြေပုံညွှန်း – ကြူ – ၆၇၃၄၁၂
မြို့နယ်မြေပုံညွှန်း – ကြူ – NE ００၅၄၉၉
– NW ၆၄၁၁၅၇
– SE ၉၂၀၂၈၀
– SW ၃၂၀၁၈၀
မြို့အကျယ်အဝန်း – (၁.၄၉) စတုရန်းမိုင်
မြို့နယ်အကျယ်အဝန်း – (၆၈၃) စတုရန်းမိုင်
ကျေးရွာအုပ်စု –
ကျေးရွာ –
ရပ်ကွက် – ( ၆ ) ရပ်ကွက်
ကျေးရွာအုပ်စု – (49) အုပ်စု
ကျေးရွာ – (176) ရွာ

## ၂။ ကျေးရွာအုပ်စုမြေပုံနှင့် ကျေးရွာတည်နေရာ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁ | မကြီးပင် | မကြီးပင်ကျေးရွာ | |
| ၂ | မကြီးပင် | ညောင်ပင်သာကျေးရွာ | |
| ၃ | မကြီးပင် | ရှားတုန်းအိုင်ကျေးရွာ | |
| ၄ | မကြီးပင် | ရေတွင်းဖြူကျေးရွာ | |
| ၅ | မကြီးပင် | ကြို့ပင်သာကျေးရွာ | |
| ၆ | မကြီးပင် | ပျော်ရွာ | |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### က. လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) **ဗမာ** | **၂၁၅** | ဘာသာ(၁) **ဗုဒ္ဓ** | **၂၁၅** |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)------------ | |
| လူမျိုးစုရော------------- | | ဘာသာရော----------- | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီးအရေအတွက် |
|---|---|---|
| လူဦးရေ | **၃၉၅** | **၄၁၄** |
| ကျား/မ ဦးဆောင်သောအိမ်ထောင်စု | **၂၀၈** | **၇** |

### (ခ)လက်လှမ်းမီအသုံးပြုနိုင်သည့်အဆောက်အဦများ

| **စာသင်ကျောင်း** | **ရှိ/မရှိ** | **ကျန်းမာရေး** | **ရှိ/မရှိ** | **ဘာသာရေးအဆောက်အဦ** | **ရှိ/မရှိ** |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | **( ရှိ )** | ဆေးရုံ | | စေတီ | **(ရှိ)** |

| | | | | | |
|---|---|---|---|---|---|
| အလယ်တန်းကျောင်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | (ရှိ) |
| မူလတန်းကျောင်း | | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြိုကျောင်း | | ဆေးပေးခန်း | | ခရစ်ယာန်ကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| အခြား | | အခြား | | အခြား | |
| *မှတ်ချက်-* | | *မှတ်ချက်-* | | *မှတ်ချက်-* | |



**(ဂ)ကျွမ်းကျင်သူများမှတ်တမ်း ၊ ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ**

| **(၁) စာသင်ကျောင်း** | | | **(၂) ကျန်းမာရေး** | | | **(၃) လက်မှုပညာရှင်** | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/ဆရာမ | (ရှိ) | (ရှိ) | ဆရာဝန် | | | လက်သမား | (ရှိ) | |
| အထက်တန်းပြဆရာ/ဆရာမ | | (ရှိ) | လက်ထောက်ကျန်းမာရေးမှူး | | | ပန်းရံ | (ရှိ) | |
| အလယ်တန်းပြဆရာ/ဆရာမ | (ရှိ) | (ရှိ) | အမျိုးသမီးကျန်းမာရေးဆရာမ | | | လျှပ်စစ်ဆိုင်ရာ | (ရှိ) | |
| မူကြိုဆရာ/ဆရာမ | | (ရှိ) | အရံသားဖွား | | | ရေပိုက်သွယ်သူ | | |
| အခြား | | | ပြည်သူ့ကျန်းမာရေးလုပ်သား(၁)/(၂) | | | စက်ပြင်ဆရာ | (ရှိ) | |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ**

- ကျောက်ကြမ်းလမ်း ( √ )
- ကတ္တရာလမ်း (   )
- ကွန်ကရစ်လမ်း (   )
- မော်တော်ဆိုင်ကယ်လမ်း ( √ )

- ကျောက်ခင်းလမ်း ( )
- မြေသားလမ်း ( √ )
- လူသွားလမ်း ( √ )
- အခြား ( )

**(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်**

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိပါသလား ?

ရှိပါသည် ( )၊ မရှိပါ ( √ )၊ မသိပါ ( ) ။

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကိုမည်သည့်ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?

နှစ်............၊ မသိပါ ( √ )

(၃) ဤစီမံချက်ကိုမြို့နယ်မှအတည်ပြုခဲ့ပါသလား ?

ပြုခဲ့ပါသည် ( )၊ မပြုခဲ့ပါ ( ) ၊ မသိပါ ( √ )

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ ဗဟိုမှငှင်းကျေးရွာအုပ်စုဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? ( **၅ မိုင်**) (မြို့မှ)

(၂) ဤကျေးရွာမှ ၄င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်

**ခြောက်သွေ့ရာသီတွင်ကြာချိန်**

- **ထော်လာဂျီ** ( ) နာရီ/မိနစ်
- **မော်တော်ဆိုင်ကယ်** ( ) နာရီ/မိနစ်
- ခြေလျှင် ( ) နာရီ/မိနစ်
- လှည်း ( ) နာရီ/မိနစ်
- မော်တော်ဘုတ် ( ) နာရီ/မိနစ်
- အခြား ------------------- ( ) နာရီ/မိနစ်

**မိုးရာသီတွင်ကြာချိန်**

- **ထော်လာဂျီ** **(၁၀ မိနစ်)နာရီ/မိနစ်**
- **မော်တော်ဆိုင်ကယ်** **(၁၀ မိနစ်)နာရီ/မိနစ်**

- ခြေလျှင် ( ) နာရီ၊မိနစ်
- လှေ ( ) နာရီ၊မိနစ်
- မော်တော်ဘုတ် ( ) နာရီ၊မိနစ်
- အခြား ------------------- ( ) နာရီ၊မိနစ်

(အုပ်စုရွာဖြစ်သဖြင့် အထက်ပါအချက်အလက်များအားဖြည့်စွက်ရန်မလိုပါ)

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ် -**

(၁) ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းရှိပါသလား?

မရှိပါ ( )၊ ရှိ ပါသည် ( √ )၊ မသိပါ ( ) ။ ရေရှားပါးမှု (မိုးခေါင်)၊နေပင်းချောင်းရေကြီး

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင် (သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများရှိပါသလား?

မသိပါ

.............................................................

.............................................................


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်း | ၂၈.၁.၂၀၁၉ | အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ | ၁၄ | ၁၆ | ၃၀ | ကျေးရွာစတင်ဖြစ်ပေါ် လာပုံ၊ခုနှစ်နှင့်ထူးခြားဖြစ်စဉ်များ။ |
| ၂ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၂၈.၁.၂၀၁၉ | စေတနာ့ဝန်ထမ်းအမျိုးသား၊ အမျိုးသမီး | ၅ | ၇ | ၁၂ | လမ်းပန်းဆက်သွယ်ရေးအခြေခအနေ၊အခြေခံအဆောက်အဦများ၊လယ်ယာမြေများ၊မြစ်ချောင်းများ၊ရေတွင်းရေကန်များ၊သစ်တောများ၊ဆည်မြောင်းများ။ |
| ၃ | ဥစ္စာဓနပိုင်ဆိုင်မှုအဆင့်များသုံးသပ်ခြင်း | ၂၈.၁.၂၀၁၉ | ပြေလည်သောအုပ်စု၊ အလယ်အလတ်အုပ်စု၊ မပြေလည်သောအုပ်စု | ၁၅ | ၂၀ | ၃၅ | ပိုင်ဆိုင်မှုစံနှုန်းများသတ်မှတ်ခြင်း၊ စံနှုန်းများအပေါ် အခြေခံပြီးအဆင့်၃ဆင့်တွင်ပါဝင်သောအိမ်ထောင်စုအရေအတွက်ခန့်မှန်းခြင်း၊အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများအားမှတ်တမ်းတင်ခြင်း။ |
| ၄ | ကျား-မအခန်းကဏ္ဍသုံးသပ်ခြင်း (cobweb) | ၂၈.၁.၂၀၁၉ | အမျိုးသားများ၊ အမျိုးသမီးများ | ၂၀ | ၁၅ | ၃၅ | အမျိုးသား၊ အမျိုးသမီးတန်းတူအခွင့်အရေးရရှိမှုအခြေအနေများအားဆွေးနွေးမှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ဇယား | ၂၈.၁.၂၀၁၉ | စေတနာ့ဝန်ထမ်း၊ အမျိုးသားများ၊ အမျိုးသမီးများ | ၇ | ၁၃ | ၂၀ | ရာသီဥတု၊အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများရောဂါဘယများ၊ပွဲတော်များအားဆွေးနွေးမှတ်တမ်းတင်ခြင်း။ |
| ၆ | အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့်ဗင်းကားချပ် | ၂၈.၁.၂၀၁၉ | အမျိုးသားများ၊ အမျိုးသမီးများ | ၁၂ | ၁၀ | ၂၂ | လူထုနှင့်ထိတွေ့ဆက်ဆံပြီးလူထုအကျိုးစီးပွါးအတွက်ဆောင်ရွက်လျှက်ရှိသောရွာအတွင်း၊ရွာပြင်ပအဖွဲ့အစည်းများအားဖေါ် ထုတ်ခြင်းနှင့်ဆက်သွယ်မှုပုံသဏ္ဍာန်ကိုကားချပ်ပေါ် တွင်မှတ်တမ်းတင်ခြင်း။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | အခက်အခဲများ (ပြဿနာများ) | ၂၈.၁.၂၀၁၆ | အမျိုးသား၊ အမျိုးသမီး | ၅၀ | ၆၇ | ၁၁၇ | အမျိုးသားများနှင့်အမျိုးသမီးများနေ့စဉ်လူနေမှုဘဝတွင်ကြုံတွေ့နေရသောအခက်အခဲအတားအဆီးများအားဆွေးနွေးဖေါ်ထုတ်ခြင်း။ |
| ၈ | ပြဿနာသစ်ပင် | ၂၈.၁.၂၀၁၆ | အမျိုးသားများနှင့်အမျိုးသမီးများ | ၁၅ | ၂၀ | ၂၀ | အမျိုးသားများနှင့်အမျိုးသမီးများကြုံတွေ့နေရသောအခက်အခဲများမှအဓိကအခက်အခဲတစ်ခုကိုရွေးချယ်ခြင်း၊သစ်ပင်ပုံကိုအခြေခံလျှက်အကြောင်းအကျိုးဆက်စပ်ပုံဖေါ်ခြင်း။ |
| ၉ | နောင်၅နှစ်စာမျှော်မှန်းချက် | ၂၈.၁.၂၀၁၆ | အမျိုးသားများနှင့်အမျိုးသမီးများ | ၅၀ | ၆၇ | ၁၁၇ | အဓိကပြဿနာကိုပြေလည်စေသောအကြောင်းရင်းများအားပြေလည်စေမည့်လုပ်ငန်းများအားဖေါ်ထုတ်ခြင်း။ |
| ၁၀ | ဦးစားပေးလုပ်ငန်းများရွေးချယ်ဆုံးဖြတ်ခြင်း။ | ၂၈.၁.၂၀၁၆ | အမျိုးသား၊ အမျိုးသမီး | ၅၀ | ၆၇ | ၁၁၇ | ဖေါ်ထုတ်ထားသောလုပ်ငန်းများအားဦးစားပေးအဆင့်နိုင်းယှဉ်သတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ

### ၆။ (က) ကျေးရွာသမိုင်း



ကျေးရွာသမိုင်း

ကျေးရွာ - မကျီးပင်
အုပ်စု - မကျီးပင်

မြို့နယ် - တပ်ကုန်း
ရက်စွဲ - ၂၈.၁.၂၀၁၆

| ခုနှစ် | အကြောင်းအရာ |
|---|---|
| ၁၁၇၅-ခုနှစ် | မကျီးပင်ကျေးရွာကို စတင်တည်ထောင်ခဲ့ပါသည်။ |
| ၁၂၃၂-ခုနှစ် | ကျေးရွာ မူလတန်းကျောင်းကို စတင်တည်ထောင်ခဲ့ပါသည်။ |
| ၁၃၀၇-ခုနှစ် | ကျေးရွာတစ်ရွာလုံး ရေကြီး နစ်မြှုပ်ပြီး ကျေးရွာပျောက်ကွယ်ခဲ့ပါသည်။ |
| ၁၃၁၁-ခုနှစ် | မကျီးပင်ကျေးရွာကို ပြန်လည်ထူထောင်ခဲ့ပါသည်။ |
| ၁၃၁၂-ခုနှစ် | ကျေးရွာတွင် မီးလောင်မှု ဖြစ်ပွားခဲ့ပါသည်။ |
| ၁၃၁၇-ခုနှစ် | ဒေါင်ပင်သာကျေးရွာ ဘုန်းတော်ကြီးကျောင်းကို တည်ထားကိုးကွယ်ခဲ့ပါသည်။ |
| ၁၃၂၈-၁၃၃၈ ခုနှစ် | ကျေးရွာတွင် (၁၀) နှစ်ကြာ မိုးခေါင်၊ ရေရှားမှု ဖြစ်ပေါ်ခဲ့ပါသည်။ |
| ၁၃၅၆-ခုနှစ် | ကျေးရွာ ချောင်းတူးတံတား တည်ဆောက်ခဲ့ပြီး ထိုနှစ်တွင်ပင် တံတား ရေနောက် မျောပါပျက်စီးခဲ့ရပါသည်။ |
| ၂၀၀၈-ခုနှစ် | ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို တည်ထောင်ခဲ့ပါသည်။ |
| ၂၀၁၀-၂၀၁၂ ခုနှစ် | ကျေးရွာ မီးလင်းရေးကို ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခဲ့ပါသည်။ |

ပါဝင်ရေးဆွဲသူ - ကျား-၁၄၊ မ-၁၆
စုစုပေါင်း - ၃၀-ဦး

ဦးဆောင်သူ - ဦးဝေယံဦး
မှတ်တမ်းတင်သူ - ဦးသော်ဇင်

**<u>မကျီးပင်ကျေးရွာသမိုင်းသုံးသပ်ချက်</u>**


မကျီးပင်အုပ်စု၊မကျီးပင်ကျေးရွာကို မြန်မာသက္ကရာဇ် ၁၁၇၅ ခုနှစ်(ခရစ်သက္ကရာဇ်၁၈၁၄ခုနှစ်) တွင်စတင်တည်ထောင်ခဲ့ပါသည်။ယခုစာအုပ်ထုတ်ဝေသည့်မြန်မာသက္ကရာဇ်မှာ၁၃၇၇ခုနှစ် (ခရစ်သက္ကရာဇ် ၂၀၁၆ခုနှစ်) ဖြစ်သည့်အတွက်မကျီးပင်ကျေးရွာ၏သက်တမ်းမှာ၂၀၂ နှစ်ခန့်ရှိပြီဖြစ်ပါသည်။ ကျေးရွာ တည်ပြီး ၅၇ နှစ်အကြာ ၁၂၃၂ခုနှစ် (ခရစ်သက္ကရာဇ်၁၈၇၁ခုနှစ်)တွင် ကျေးရွာမူလတန်း ကျောင်း ကိုစတင် တည်ထောင်ခဲ့ပါသည်။ ၁၃၀၇ခုနှစ် (ခရစ်သက္ကရာဇ်၁၉၄၆)တွင်ရေကြီးသည့်သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရပြီးတစ်ရွာလုံး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီးကျေးရွာပျောက်ခဲ့ရပါသည်။ အသက်မွေးဝမ်းကြောင်း အတွက်အခြားဒေသများတွင်၄နှစ်ခန့်သွားရောက်အလုပ်လုပ်ကိုင်စုဆောင်းကာ၁၃၁၁ခုနှစ်(ခရစ်သက္ကရာဇ် ၁၉၅၀) တွင်မကျီးပင်ကျေးရွာကိုပြန်လည်ထူထောင်ခဲ့ပါသည်။

ကျေးရွာပြန်လည်ထူထောင်ပြီးနောက်တစ်နှစ်တွင်ကျေးရွာတွင်မီးလောင်မှုကြုံတွေ့ခဲ့ရပါသည်။မီး လောင်ပြီး ၅နှစ်ခန့်အကြာတွင် ညောင်ပင်သာဘုန်းကြီးကျောင်းကိုတည်ဆောက်ခဲ့ပြီး သာရေးနာရေး ကိစ္စများကို ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာများနှင့်အညီ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၁၃၂၈ ခုနှစ်မှ ၁၃၃၈ ခုနှစ်အထိ ၁၀နှစ်ကြာမိုးခေါင်ရေရှား ခြင်းကိုကြုံတွေ့ခဲ့ရပါသည်။

၁၉၉၆ခုနှစ်တွင် ချောင်းကူးတံတားကို တည်ဆောက်နိုင်ခဲ့သော်လည်းထိုနှစ်တွင်ပင်ချောင်းရေနှင့် မျောပါပျက်စီးခဲ့ရပြန်ပါသည်။၂၀၀၈ခုနှစ်တွင်ကျေးရွာစာကြည့်တိုက်ကိုကိုယ်ထူကိုယ်ထဆောက်လုပ်နိုင်ခဲ့ ပါသည်။၂၀၁၀ မှ ၂၀၁၂ ခုနှစ်အတွင်း ကျေးရွာမီးလင်းရေးကိုလည်းကိုယ်ထူကိုယ်ထ ဆောင်ရွက်နိုင် ခဲ့ပါသည်။

အချုပ်အားဖြင့်ဆိုရသော်မကျီးပင်ကျေးရွာသူကျေးရွာသားများသည်မီးဘေး၊ရေဘေး၊မိုးခေါင်ရေရှား သည့်ဘေးကြီးများကို ထိထိခိုက်ခိုက်ကြုံတွေ့ခဲ့ရသော်လည်းမကျီးပင်ကျေးရွာသူကျေးရွာသားများ အနေ ဖြင့်မလျှော့သောစိတ်ဓါတ်ဖြင့် ကြိုးစားဆောင်ရွက်လာခဲ့သည်ကိုတွေ့ရှိရမည်ဖြစ်ပါသည်။ ယခုအခါ လူထု ဗဟိုပြုစီမံကိန်းမှရရှိလာသည့်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ဆောင်ပုံနည်းစနစ်ကိုလည်း တက်ကြွစွာပါဝင်ဆောင် ရွက်နေကြပါသည်။

၆။ (ခ) လူမှုရေးနှင့်အရင်း အမြစ်ပြမြေပုံ




## လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

မကျီးပင်ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံကိုကြည့်ခြင်းအားဖြင့် ရွာတည်ရှိမှုနှင့်အိမ်ခြေအနေအထားမှာ စုစည်းစွာတည်ရှိနေပြီး အိမ်ခြေအများစုအား မပြေလည်သောအိမ်ထောင်စုများအဖြစ်မြင်တွေ့နိုင်ပါသည်။ ရွာအရှေ့ဘက်တွင် နဝင်းချောင်းစီးဆင်းနေပြီး စိုက်ပျိုးရေးရရှိနိုင်သောအရင်းအမြစ်တစ်ခုအဖြစ်တည်ရှိနေပါသည်။ကျေးရွာ၏အနောက်ဖက်နှင့်မြောက်ဖက်တွင်စိုက်ပျိုးမြေများရှိနေပြီးကျေးရွာအနေဖြင့်စိုက်ပျိုးရေး ကိုအားထားနေကြရပါသည်။

ကျေးရွာ၏အရှေ့မြောက်ဘက်တွင် ဘုန်းတော်ကြီးကျောင်းကိုတွေ့ရှိရပါသည်။ ရွာ၏အနောက်တောင်ဖက်တွင် စာကြည့်တိုက်ရှိသည်ကိုတွေ့ရပါသည်။ ရွာ၏အရှေ့တောင်ဖက်တွင် ချောင်းခွရွာ၊ မြောက်ဖက်တွင်ရှားတုန်းအိုင်ရွာ၊အနောက်တောင်ဖက်တွင်ရေတွင်းဖြူရွာတို့နှင့်နီးကပ်စွာတည်ရှိနေသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာမြေပုံသုံးသပ်ချက်အရ ချောင်းခွကျေးရွာနှင့်ဆက်သွယ်သွားလာရေးအတွက် ချောင်းကူးတံတားမရှိသည့်အခက်အခဲရှိသည်ကိုတွေ့ရှိရပါသည်။

၆။ (ဂ) ဉစ္စာဓနပိုင်ဆိုင်မှု အဆင့်များသုံးသပ်ခြင်း




| အမျိုးအစား | ပိုင်ဆိုင်မှု | အသက်မွေးလုပ်ငန်း | အိမ်ထောင်စု |
|---|---|---|---|
| ပြေလည်သောအုပ်စု | တိုက်အိမ်၊ ပျဉ်ထောင်သွပ်မိုး၊ ကား၊ လယ်(၅)ကေအထက်၊ စပါးခြွေစက်၊ သုံးဘီး၊ ဂွန်ဒေါင်း၊ ကျွဲနွား(၁)ရှဉ်း၊ အိမ်ဆိုင်၊ ဆိုင်ကယ်၊ ဆန်စက်၊ TV၊ | တောင်သူ၊ ဈေးဆိုင်၊ ဆန်စက် အုတ်ဖုတ်၊ ပွဲစား၊ | ၂၀ |
| အလယ်အလတ်အုပ်စု | ထရံကာ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ကျွဲနွား(၁)ရှဉ်း လယ်(၅)ကေအောက်၊ လှည်း၊ ဆိုင်ကယ် စက်ဘီး၊ သုံးဘီး၊ TV | တောင်သူလုပ်ကိုင် သုံးဘီးမောင်း ဈေးရောင်း၊ ပန်းရန်၊ လက်သမား ရေတွင်းတူး | ၇၀ |
| မပြေလည်သောအုပ်စု | သွပ်မိုး ထရံကာ ဝါးခင်း၊ စက်ဘီး၊ TV၊ | နေ့စားလုပ်ကိုင်၊ အောက်ပြည် ကောက်စိုက်၊ ဝကောက်၊ ပေါင်းကိုက် ဝါးထရံယက်၊ | ၁၂၅ |

ဉစ္စာဓနပိုင်ဆိုင်မှုအဆင့်များအား အုပ်စုအလိုက်သုံးသပ်ခြင်း

ကျေးရွာအတွင်းရှိအိမ်ထောင်စုများအလိုက်ဉစ္စာပစ္စည်းပိုင်ဆိုင်မှုနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုသုံးသပ်ရာတွင် ဦးစွာပြေလည်သောအုပ်စု၊ အလယ်အလတ်အုပ်စုနှင့် မပြေလည်သောအုပ်စု သုံးစုတွေ့ရှိရပါသည်။ မကျီးပင်ကျေးရွာတွင်ရှိသော ပြေလည်သည့်အုပ်စုမှအိမ်ထောင်စု (၂၀)ခန့်ရှိပြီး ၄င်းအိမ်ထောင်စုများသည်တောင်သူလုပ်ငန်း၊ဈေးဆိုင်၊ဆန်စက်လုပ်ငန်း၊အုပ်ဖုတ်လုပ်ငန်း၊ ပွဲစားလုပ်ငန်းများကိုတစ်ခုထက်မကလုပ်ကိုင်နိုင်ကြပါသည်။တိုက်အိမ်၊ ပျဉ်ထောင်၊သွပ်မိုး၊ကား၊ လယ်(၅)ကေ အထက်၊ စပါးခြွေလှေ့စက်၊သုံးဘီး၊ဂွန်ဒေါင်း၊ကျွဲနွားတစ်ရှဉ်း၊ဆိုင်ကယ်၊ တီဗွီတို့ကိုလည်းတစ်မျိုးထက်မက ပိုင်ဆိုင်ကြပါသည်။

အိမ်ခြေ (၇၀)ခန့်ရှိသော အလယ်အလတ်မိသားစုများမှာတောင်သူလုပ်ငန်း၊သုံးဘီးမောင်းခြင်း၊ ဈေးရောင်းခြင်း၊ပန်းရံ၊လက်သမားလုပ်ခြင်း၊ရေတွင်းတူးခြင်းလုပ်ငန်းများကိုဆောင်ရွက်ကြပါသည်။ ၎င်းမိသားစုများ၏ပိုင်ဆိုင်မှုများမှာထရံကာ၊သွပ်မိုးပျဉ်ခင်းအိမ်၊ကျွဲနွားတစ်ရှဉ်း၊လယ်(၅)ကေအောက်၊ဆိုင်ကယ်၊ စက်ဘီး၊သုံးဘီး၊တီဗွီ စသည်တို့ကိုပိုင်ဆိုင်ကြပါသည်။

မပြေလည်သောအိမ်ထောင်စုပေါင်း (၁၂၅)အိမ် ရှိပြီးအောက်ပြည်သို့သွားပြီးကောက်စိုက်၊ ကောက်ရိတ်ခြင်းကဲ့သို့သောနေ့စားလုပ်ငန်းများအပြင်ဂါးထရံယက်ခြင်းတို့ကိုလည်းလုပ်ကိုင်ကြပါသည်။ ဂါးခင်း၊သွပ်မိုးထရံကာအိမ်များတွင်နေထိုင်ကြပြီး၊တီဗွီ၊စက်ဘီးစသည်တို့ကိုသာပိုင်ဆိုင်ကြပါသည်။

| **စဉ်** | **အုပ်စု** | **အိမ်ခြေ** | **ရာခိုင်နှုန်း** |
|---|---|---|---|
| ၁ | ပြေလည်သောအုပ်စု | ၂၀ | ၉% |
| ၂ | အလယ်အလတ်အုပ်စု | ၇၀ | ၃၃% |
| ၃ | မပြေလည်သောအုပ်စု | ၁၂၅ | ၅၈% |
| | **စုစုပေါင်း** | **၂၁၅** | **၁၀၀%** |


၆။ (ဃ) ကျား-မအခန်းကဏ္ဍ သုံးသပ်ခြင်း (cobweb)




ကျား-မအခန်းကဏ္ဍ သုံးသပ်ခြင်း (cobweb)

တွေ့ရှိရသောရလာဒ်အရ လူမှုရေးလုပ်ငန်းများတွင်ပူးပေါင်းပါဝင်မှုတွင်အမျိုးသား၊အမျိုးသမီး တန်းတူဖြစ်ကြောင်းတွေ့ရပါ သည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်ပြီးအဆင့် (၆) အတူတူဖြစ်ပြီး အလုပ်အကိုင်ရရှိမှုမှာ လည်းတန်းတူဖြစ်ကြောင်းတွေ့ရှိရပါသည်။ မိသားစုအတွင်း ဦးဆောင်မှုသို့မဟုတ်မိသားစု၏အရေးကြီးသော ဆုံးဖြတ်ချက်များချမှုများတွင် အမျိုးသမီးများကို တိုင်ပင်ပြီးအမျိုးသားများကအဓိကဆုံးဖြတ်ကြောင်းတွေ့ရပါသည်။ဝင်ငွေရှာဖွေနိုင်မှုအနေဖြင့် လုပ်အားခ တန်းတူညီမျှမှုရှိကြောင်းသုံးသပ်ရပါသည်။မိသားစုအပေါ်တွင်ဂရုစိုက်နိုင်မှုတွင် အမျိုးသားများအနေဖြင့် အားနည်းနေသည်ကိုတွေ့ရှိရပါသည်။ပစ္စည်းပိုင်ဆိုင်မှုတွင်အမျိုးသားအမျိုး သမီးတန်းတူညီမျှ ပိုင်ဆိုင်မှုရှိ ကြောင်းတွေ့ရှိရပါသည်။အမျိုးသားများအနေဖြင့်မိသားစုအားနွေးထွေးမှုမပေးနိုင်သော်လည်း ဖခင်များ ကမိခင်များထက်မိသားစုကိုဘေးအန္တရယ်အတွက်လုံခြုံမှုကိုပေးနိုင်သည်ဟုသုံးသပ်ရပါသည်။ သားသမီး များ၏ပညာရေးတွင်နိုင်းယှဉ်ဦးစားပေးရမည်ဆိုပါက အမျိုးသားများထက် အမျိုးသမီးများကိုဦးစားပေး ကြောင်း ဖော်ပြထားပါသည်။လူမှုရေးလုပ်ငန်းများတစ်နည်းအားဖြင့်ရပ်ရွာ သာရေး၊နာရေး၊ဖွံ့ဖြိုးရေး ကိစ္စများတွင်အမျိုးသားများနှင့်အမျိုး သမီးများအရေးပါအရာရောက်မှုမှာလည်းအတူတူပင်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၆။ (င) ရာသီခွင်ဇယား




## ရာသီခွင်ဇယားအားသုံးသပ်ခြင်း

ကျေးရွာရာသီခွင်ဇယားအားသုံးသပ်ရာတွင် အဓိကစိုက်ပျိုးသီးနှံ၊ တိရစ္ဆာန်ရောဂါကျရောက်မှု၊ စိုက်ပျိုးရေရရှိမှု၊ ဘာသာရေးပွဲတော်များ၊ ကျန်းမာရေး၊ ဝင်ငွေရရှိမှု၊ ရွှေ့ပြောင်းလုပ်ကိုင်မှုနှင့်ရာသီဥတုအခြေအနေများကိုလေ့လာခဲ့ပါသည်။


စိုက်ပျိုးသီးနှံများတွင် အဓိကအားဖြင့် ခရမ်းချဉ်သီး၊စပါးစိုက်ပျိုးခြင်းများကိုတွေ့ရပါ သည်။ ခရမ်းချဉ်ကိုမှုတန်ခူးလမှဂါခေါင်လအတွင်းစိုက်ပျိုးကြပါသည်။ တန်ခူးလတွင်ပျိုးထောင်းခြင်း၊ကဆုန်လွင်ထွန်ယက်ခြင်းနယုန်လတွင်ပေါင်းပေါက်၊ဆေးဖျန်းခြင်းဆောင်ရွက်ပြီးဂါဆို၊ဂါခေါင်လများတွင်ဆွတ်ခူးကြပါသည်။စပါးစိုက်ပျိုးခြင်းကိုကဆုန်လမှပြာသိုလအတွင်းဆောင်ရွက်ကြပါသည်။ ထွန်ယက်ခြင်း၊ ပျိုးထောင်ခြင်း၊စိုက်ပျိုးခြင်းကိုကဆုန်လမှတော်သလင်းလအတွင်းဆောင်ရွက်ကြပါသည်။ရိတ်သိမ်းခြင်းကိုနတ်တော်၊ပြာသိုလများအတွင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေကို မိုးရေနှင့်ဆည်ရေ နှစ်မျိုးဖြင့်ဆောင်ရွက်ပြီး အဓိကရေလိုအပ်သော နယုန်လနှင့်ဂါဆိုလများတွင်မိုးရေမလုံလောက်ပါကဆည်ရေဖြင့်ဆောင်ရွက်နေရပါသည်။

တိရစ္ဆာန်ရောဂါကျရောက်မှုအနေဖြင့် ကျွဲ၊နွား ခွာနာလျှာနာနှင့် ကြက်နာရောဂါကျရောက်မှုများကိုတွေ့ရပါသည်။ ခွာနာလျှာနာရောဂါအဖြစ်များသောကာလမှာ ဂါခေါင်လနှင့်တော်သလင်းလများတွင်ဖြစ်ပြီး၊ကြက်နာရောဂါမှာဆုန်လနှင့်တန်ဆောင်မုန်းလများတွင်ဖြစ်ကြောင်းတွေ့ရှိရပါသည်။

ဘာသာရေးပွဲတော်များအနေဖြင့် သင်္ကြန်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲ၊ တန်ဆောင်တိုင်ကထိန်ပွဲ၊တပို့တွဲလ ထမင်းနဲပွဲနှင့် တပေါင်းလတွင်လည်းအလှူအတန်းပွဲလမ်းများ ပြုလုပ်လေ့ရှိပါသည်။

ဝင်ငွေရရှိမှုအကောင်းဆုံးလများမှာ နယုန်၊ဝါဆို၊ဝါခေါင်နှင့်နတ်တော်၊ပြာသိုလများဖြစ်ပြီး တော်သလင်း၊ သတင်းကျွတ်၊တန်ဆောင်မုန်းလများတွင်ဝင်ငွေရှိသော်လည်းနည်းပါးသည်။ကျန်လများတွင်ဝင်ငွေ မရှိသလောက်ဖြစ်နေပါသည်။ကျန်လများတွင်လုပ်ငန်းပေါ်မူတည်သော ပုံမှန်ဝင်ငွေမဟုတ်သည့် ဝင်ငွေကို သာရရှိပါသည်။ ရာသီဥတု အခြေအနေမှာ မိုးနည်းပြီး ပူပြင်းခြောက်သွေ့သောအချိန်ကာလပိုမို များပြားသည်ကိုတွေ့ရပါသည်။

**၆။ (စ) အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက် (ဗင်းကားချပ်)**





**အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်အားသုံးသပ်ခြင်း**

မကျီးပင်ကျေးရွာတွင်းတွင်တွေ့ရှိရသော အဖွဲ့အစည်းများအားလေ့လာရာတွင် အုပ်ချုပ်ရေးအဖွဲ့၊ သာရေးနာရေးအဖွဲ့၊ဂေါပကအဖွဲ့၊မီးသတ်အဖွဲ့များမှာကျေးရွာဖွံ့ဖြိုးရေးဘာသရေးလူမှုရေးလုပ်ငန်းများကို လူထုနှင့်ကျယ်ကျယ်ပြန့်ပြန့်ထိတွေ့ဆောင်ရွက်လျက်ဆောင်ရွက်နေသောအဖွဲ့များ ဖြစ်ကြောင်း သိရှိရပါသည်။

လူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုကော်မတီ၊ဆည်ကော်မတီ၊မီးလင်းရေးကော်မတီ၊အမျိုးသမီးရေးရာ၊ကျောင်းကော်မတီ၊သမဂ္ဂါယမ။အမျိုးသမီးအဖွဲ့၊အမျိုးသားအဖွဲ့များသည်လည်းကျေးရွာလူထုနှင့်ပူးပေါင်းဆောင်ရွက်လျှက်ရှိသည်ကိုတွေ့ရှိရပါသည်။

ကျေးရွာပြင်ပရှိအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်မှုတွင် လူထုဗဟိုပြုစီမံကိန်းမှကျေးရွာစီ/ထောက်ကော်မတီနှင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကျေးရွာသမဂ္ဂါယမအဖွဲ့နှင့်မြို့နယ်သမဂ္ဂါယမဦးစီးဌာန၊ကျေးရွာဆည်မြောင်းကော်မတီနှင့်မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ကျေးရွာမီးလင်းရေးကော်မတီနှင့်မြို့နယ်လျှပ်စစ်ဌာနတို့လိုအပ်သလိုဆက်သွယ်ဆောင်ရွက်လျှက်ရှိကြောင်းတွေ့ရှိရပါသည်။

## ၆။ (ဆ) အခက်အခဲများ (ပြဿနာများ)




ကျေးရွာဖွံ့ဖြိုးရေးအတွက် အခက်အခဲ အတားအဆီးများ

ကျေးရွာ - မကျီးပင်
အုပ်စု - မကျီးပင်
မြို့နယ် - တပ်ကုန်း
ရက်စွဲ - ၂၈.၁.၂၀၁၆

| စဉ် | အမျိုးသားအဖွဲ့မှ တင်ပြလာသော အခက်အခဲအတားအဆီးများ | စဉ် | အမျိုးသမီးအဖွဲ့မှ တင်ပြလာသော အခက်အခဲ အတားအဆီးများ |
|---|---|---|---|
| ၁ | သွားလာရန် ခက်ခဲခြင်း | ၁ | သွားလာရန် ခက်ခဲခြင်း |
| ၂ | စာဖတ်ရန် နေရာ ခက်ခဲခြင်း | ၂ | စာဖတ်ရန် နေရာ ခက်ခဲခြင်း |
| ၃ | မိုးတွင်း၌ ချောင်းကူးရန် ခက်ခဲခြင်း | ၃ | မိုးတွင်း၌ ချောင်းကူးရန် ခက်ခဲခြင်း |
| ၄ | ယင်လုံအိမ်သာ အခက်အခဲ ရှိခြင်း | ၄ | ယင်လုံအိမ်သာ အခက်အခဲ ရှိခြင်း |
| ၅ | တစ်နိုင်တစ်ပိုင် ချေးမြှရေး လုပ်ငန်း လုပ်ကိုင်လိုခြင်း | ၅ | တစ်နိုင်တစ်ပိုင် ချေးမြှရေး လုပ်ငန်း လုပ်ကိုင်လိုခြင်း |

ပါဝင်ရေးဆွဲသူ - ကျား - ၅၀ ၊ မ - ၆၇
စုစုပေါင်း - ၁၁၇ ဦး
ဦးဆောင်သူ - ဦးဝေယံဦး
မှတ်တမ်းတင်သူ - ဒေါ်ဝင်းဝင်းဝေ

၆။ (ဓ) ပြဿနာသစ်ပင်နှင့်သုံးသပ်ချက်




ကျေးရွာအခက်အခဲများနှင့်ပြဿနာများဆွေးနွေးဖော်ထုတ်ရာတွင် ကျားနှင့်မ ဖော်ထုတ်လာသော အခက်အခဲများမှာ တူညီမှုများရှိနေသည့်အတွက် ပြဿနာသစ်ပင်အား ကျား၊မ မခွဲခြားဘဲရေးဆွဲခဲ့ရ ပါသည်။ ကျေးရွာတွင်လက်ရှိကြုံတွေ့နေရသော အဓိကပြဿနာမှာ ကျေးရွာတွင်းနှင့်ကျေးရွာချင်းဆက် လမ်းပန်းဆက်သွယ်ရေးတွင်အခက်အခဲကိုအဓိကထားဆွေးနွေးခဲ့ပါသည်။

လှည်း၊သုံးဘီးယာဉ်များကိုအသုံးပြုနေရသောကျေးရွာဖြစ်သည့်အတွက် ရွာတွင်းရွာပြင်ကောင်း မွန်ရေးမှာ အရေးပါကြောင်းတွေ့ရှိရပါသည်။ ယခုကဲ့သို့လမ်းများမကောင်းရသည့် အကြောင်းရင်းများကို ဆွေးနွေးရာတွင်လမ်းပန်းဆက်သွယ်ရေးဆိုင်ရာဌာနဆိုင်ရာများနှင့်ဆက်သွယ်သည့်ခက်ခဲခြင်း (တစ်နည်း အားဖြင့်ဆက်သွယ်သည့်အလေ့အထမရှိခြင်း)၊ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ဆက်စပ်တွေးခေါ် နိုင်မှု ဗဟုသုတအားနည်းခြင်း၊ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန် းဆောင်ရွက်သည့်အဖွဲ့များနှင့်အလှမ်းဝေးခဲ့ခြင်း၊တို့ ကြောင့်ကျေးရွာတွင်းလမ်းများပျက်စီးနေခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲ ဖြစ်ရကြောင်း တွေ့ရပါသည်။

လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်းကြောင့်ဖြစ်ပေါ် လာသည့်ဆိုးကြိုးများကိုလည်းဆွေးနွေးဖေါ် ထုတ်ခဲ့ပါသည်။၄င်းတို့မှာသယ်ယူပို့ဆောင်ရေးစရိတ်ကြီးမားခြင်း၊ဒေသထွက်ကုန်များဈေးကွက်သို့ပို့ရန် ခက်ခဲခြင်း၊အရေးပေါ် ကျန်းမာရေးကိစ္စတွင် သွားလာရေးအခက်အခဲဖြစ်ခြင်းတို့ဖြစ်ပေါ် လျှက်ရှိကြောင်း ဆွေးနွေးကြပါသည်။

## ၆။ (၁၀) နောင် ၅ နှစ်စာမျှော်မှန်းချက်



ကျေးရွာ မျှော်မှန်းချက်

ကျေးရွာ - မကျီးပင်
အုပ်စု - မကျီးပင်


မြို့နယ် - တပ်ကုန်း
ရက်စွဲ - ၂၈.၁.၂၀၁၆

| စဉ် | အမျိုးသားအဖွဲ့မှတင်ပြသောမျှော်မှန်းချက် | စဉ် | အမျိုးသမီးအဖွဲ့မှတင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရိုစာလမ်းရရှိရန်။ | ၁ | ရိုစာလမ်းရရှိရန်။ |
| ၂ | စာကြည့်တိုက်ရရှိရန်။ | ၂ | စာကြည့်တိုက်ရရှိရန်။ |
| ၃ | တံတားတည်ဆောက်ရန် | ၃ | တံတားတည်ဆောက်ရန်။ |
| ၄ | ကျောင်းအိမ်သာရရှိရန်။ | ၄ | ကျောင်းအိမ်သာရရှိရန်။ |
| ၅ | ဆိတ်မွေးမြူရေး | ၅ | ဆိတ်မွေးမြူရေး။ |

ပါဝင်ရေးဆွဲသူ - ကျား (၅၀)
မ (၆၇)
စုစုပေါင်း - ၁၁၇

ဦးဆောင်သူ - ဦးဝေယံဦး
ပါဝင်ဆွေးနွေးမှတ်တမ်းတင်သူ - ဦးခင်မောင်ချို

## ၆။ (၁၁) ဦးစားပေးအစီအစဉ်ပြဇယား (Matrix Ranking)



ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း

ကျေးရွာ - မကျီးပင်
အုပ်စု - မကျီးပင်

မြို့နယ် - တပ်ကုန်း
ရက်စွဲ - ၂၈.၁.၂၀၁၆

| စဉ် | လုပ်ငန်း အမျိုး အစား | ရိစာလမ်း | ကျောင်းအိမ်သာ | တံတား | မွေးမြူရေး | စာကြည့်တိုက် | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| ၁ | ရိစာလမ်း | | ရိစာလမ်း | ရိစာလမ်း | ရိစာလမ်း | ရိစာလမ်း | ၄ | ၁ |
| ၂ | ကျောင်းအိမ်သာ | | | တံတား | ကျောင်းအိမ်သာ | စာကြည့်တိုက် | ၁ | ၄ |
| ၃ | တံတား | | | | တံတား | စာကြည့်တိုက် | ၂ | ၃ |
| ၄ | မွေးမြူရေး | | | | | စာကြည့်တိုက် | ၀ | ၅ |
| ၅ | စာကြည့်တိုက် | | | | | | ၃ | ၂ |

ပါဝင်ရေးဆွဲသူ - ကျား - ၅၀ ၊ မ - ၆၇
စုစုပေါင်း - ၁၁၇ ဦး

ဦးဆောင်သူ - ဦးဝေယံဦး
မှတ်တမ်းတင်သူ - ဦးနိုင်မင်းထွန်း

### ဦးစားပေးအစီအစဉ်ပြဇယားအားသုံးသပ်ခြင်း

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အမျိုးသားများနှင့်အမျိုးသမီးများမှ ကျေးရွာအခက်အခဲများကို တူညီစွာတင်ပြလာရာ တင်ပြလာသည့်လုပ်ငန်းများအား အားလုံးသဘောထားဖြင့် အမှတ်ပေးပြီးအ ကဲဖြတ်ခဲ့ပါသည်။ စုစုပေါင်းတင်ပြလာသော ကျေးရွာအခက်အခဲ (၅) မျိုးရှိပြီး ၎င်းတို့မှာ (၁) ရိစာလမ်း (၂) ကျောင်းအိမ်သာ (၃) တံတား (၄) မွေးမြူရေးလုပ်ငန်းနှင့် (၅)စာကြည့်တိုက် တို့ဖြစ်ပါသည်။ အမှတ်များပေးရာတွင် အားလုံးပါဝင်သဘောထားပေးနိုင်သည့် Matrix Ranking နည်းကိုအသုံးပြုခဲ့သည်။

အမှတ်ပေးဆုံးဖြတ်ရာတွင် လုပ်ငန်းများနှိုင်းယှဉ်ပြီး ကျေးရွာအတွက် အမှန်တကယ်အလိုအပ်ဆုံး ကိုစဉ်းစားရွေးချယ်စေခဲ့ပါသည်။ ပါဝင်အမှတ်ပေးသူများမှလည်း သေချာစွာရွေးချယ်ပြီး လုပ်ငန်းနှိုင်းယှဉ် ချက်ကို ရွေးချယ်ခဲ့ရာ ရိစာလမ်းမှ (၄) မှတ်ဖြင့် အဆင့်(၁)၊ စာကြည့်တိုက်မှ (၃) မှတ်ဖြင့် အဆင့်(၂)၊ တံတားမှာ (၂) မှတ်ဖြင့်အဆင့် (၃)၊ကျောင်းအိမ်သာမှာ (၁) မှတ်ဖြင့် အဆင့်( ၄) ရရှိပြီးမွေးမြူရေး လုပ်ငန်းမှာဦးစားပေးနောက်ဆုံးအဆင့်အဖြစ်သတ်မှတ်ခဲ့ကြပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ













## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ရာထူး (ကျေးရွာအဆင့်) | ရာထူး (အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးမြင့်ဦး | စီ/ထောက်ဥက္ကဌ | အဖွဲ့ဝင် |
| ၂ | ဒေါ်ဝင်းဝင်းရွှေ | စီ/ထောက်ဥက္ကဌ | စီ/ထောက်ဥက္ကဌ |
| ၃ | ဦးခင်မောင်ချို | စောင့်ကြည့်ကြီးကြပ်-ဥက္ကဌ | |
| ၄ | ဒေါ်ခင်သန်းန | စောင့်ကြည့်ကြီးကြပ်-အဖွဲ့ဝင် | |
| ၅ | ဦးဇော်မင်းဌေး | စောင့်ကြည့်ကြီးကြပ်-အဖွဲ့ဝင် | |
| ၆ | ဦးခင်မောင်ညို | ဝယ်ယူရေး-ဥက္ကဌ | |
| ၇ | ဦးသန်းထွန်းဦး | ဝယ်ယူရေး-အဖွဲ့ဝင် | |
| ၈ | ဒေါ်ဂေဇင်ဖြိုး | ဝယ်ယူရေး-အဖွဲ့ဝင် | |
| ၉ | ဒေါ်သင်းသင်းယု | လည်ပတ်ထိန်သိမ်းရေး-ဥက္ကဌ | |
| ၁၀ | ဦးနိုင်းမင်းထွန်း | လည်ပတ်ထိန်းသိမ်းရေး-အဖွဲ့ဝင် | |
| ၁၁ | ဒေါ်နီနီခိုင် | လည်ပတ်ထိန်းသိမ်းရေး-အဖွဲ့ဝင် | |
| ၁၂ | ဦးအေးဝင်း | စေတနာ့ဝန်ထမ်း | |
| ၁၃ | ဒေါ်ထက်ထက်ခိုင် | စေတနာ့ဝန်ထမ်း | |
| ၁၄ | ဦးကိုလေး | အကြံပြုတိုင်ကြားရေး | |
| ၁၅ | ဒေါ်ခင်ဖြိုးဝေ | အကြံပြုတိုင်ကြားရေး | |
| ၁၆ | ဦးနော်မီမီမွန် | ဘဏ္ဍာရေးစာရေး | အုပ်စုဘဏ္ဍာရေးအဖွဲ့ဝင် |

## ၁၅။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄)ခြားနားသောအပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ်မှုရင်းအားVPSCတွင်ထားရှိရပါမည်။အခြားဌာနဆိုင်ရာများနှင့်ညှိနှိုင်းရန်အတွက်မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS data အနေဖြင့်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူ့ဦးစားပေးလဲ | လ/နှစ် | ကျေးရွာမှတာဝန်ခံသူ သို့မဟုတ်အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | လမ်း | မ ( √ ) ကျား( √ ) | ၂၀၁၇ | ကျေးရွာစီ/ထောက် | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | စာကြည့်တိုက် | မ ( √ ) ကျား ( √ ) | ၂၀၁၈ | ကျေးရွာစီ/ထောက် | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | တံတား | မ ( √ ) ကျား( √ ) | ၂၀၁၉ | ကျေးရွာစီ/ထောက် | ပြင်ပအလှူရှင် |
| | ၄ | | မ ( ) ကျား( ) | | | |
| | ၅ | | မ ( ) ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကျောင်း/စီးပွားရေး | ၁ | | မ ( ) ကျား( ) | | | |
| | ၂ | | မ ( ) ကျား( ) | | | |
| | ၃ | | မ ( ) ကျား( ) | | | |
| | ၄ | | မ ( ) ကျား( ) | | | |
| | ၅ | | မ ( ) ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့်ပညာရေး | ၁ | စာသင်ကျောင်းအိမ်သာ | မ ( ) ကျား( ) | ၂၀၁၈ | ကျေးရွာစီ/ထောက် | ကျောင်းသားမိဘများ |
| | ၂ | | မ ( ) ကျား( ) | | | |
| | ၃ | | မ ( ) ကျား( ) | | | |
| | ၄ | | မ ( ) ကျား( ) | | | |
| | ၅ | | မ ( ) ကျား( ) | | | |
| | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ပညာရေး | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အခြား (မွေးမြူရေး) | ၁ | ဆိတ်မွေးမြူရေး | မ (√ )<br>ကျား(√ ) | ၂၀၁၉ | ကျေးရွာစီ/ထောက် | ပြင်ပအလှူရှင် |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

၁၆။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP)

အရည်အသွေးထိန်းချုပ်သူအမည်  -

(၁) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်စာရွက်စာတမ်းပြည့်စုံမှုကိုစစ်ဆေးပါ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံအချက်အလက်များ
- လူမှုဆန်းစစ်ခြင်းအကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့်နောင်လေးနှစ်အတွက်ဦးစားပေးလုပ်ငန်းများ စာရင်း (အခြေခံအဆောက်အဦ၊အသက်မွေးမှုပညာရေး၊လူမှုရေးထိန်းသိမ်းမှုစသည်ဖြင့်)

နောက်ဆက်တွဲများ

- လူမှုရေးအကဲဖြတ်မှုစာရွက်စာတမ်းဓါတ်ပုံနှင့်PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)
- မြေပုံများပါရမည်၊စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊Venn ပုံ
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမှတ်တမ်းမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC-1)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (VDP) ကိုစစ်ဆေးပါ။

- ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်ပါဝင်သောလူဦးရေ(အမျိုးသား/အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အတွက်အသုံးပြုသည့်ရက်ပေါင်း
- PRA ပစ္စည်းများအသုံးပြုသည့်အရေအတွက်
- ပါဝင်သောဦးရေနှင့်လုပ်ငန်းများမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊အဖွဲ့ဓါတ်ပုံ၊တိုင်းရင်းသားလူနည်းစုနှင့်ထိခိုက်လွယ်သောအဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့်အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ်အားခွဲခြားပေးထား သလား
  - ရှိ/မရှိ

- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)
- PRA နှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက်(အမျိုးသား/အမျိုးသမီးရွေးချယ်မှု အရေအတွက်)